# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ကြီးကြပ်ရေးအာဏာပိုင် (မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း)

**ညွှန်ကြားချက်အမှတ်၊ ၁ / ၂၀၁၉**

**၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)**

မြန်မာနိုင်ငံအတွင်း အိမ်ခြံမြေဝန်ဆောင်မှုကိစ္စရပ်များတွင် ပြစ်မှုကျူးလွန်ရာမှ ရရှိသောအကျိုးအမြတ်များဝင်ရောက်ခြင်း၊ ငွေကြေးခဝါချခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းမှ တားဆီးကာကွယ်ရန်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သည့်အိမ်ခြံမြေဝန်ဆောင်မှုပေးသူများ ပေါ်ထွန်းလာစေရန်၊ အိမ်ခြံမြေဈေးကွက်တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများကို အထောက် အကူပြုနိုင်ရန်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရန်အတွက်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ၆၉(က)အရ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ သဘော တူညီချက်ဖြင့် အောက်ပါ ညွှန်ကြားချက် ကို ထုတ်ပြန်သည်။

### အခန်း (၁)

### အမည်၊ သက်ဆိုင်ခြင်း နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ဤညွှန်ကြားချက်ကို အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာညွှန်ကြားချက် ဟု ခေါ်တွင်စေရမည်။

၂။ ဤညွှန်ကြားချက်သည် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သော မြန်မာနိုင်ငံအတွင်း ရှိအိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင် ရရှိသူများ နှင့် သက်ဆိုင်စေရမည်။

**အဓိပ္ပါယ်ဖော်ပြချက်**

၃။ ဤညွှန်ကြားချက်ပါ စကားရပ်များသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေ၊ နိုင်ငံတော်သမ္မတရုံးမှ ၁၄-၁၁-၂၀၁၉ ရက်တွင် အမိန့်အမှတ် ၄၅/၂၀၁၉ ဖြင့် ထုတ်ပြန်

ခဲ့သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်တို့တွင်ပါရှိသည့်အတိုင်း အဓိပ္ပါယ် သက်ဆိုင်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်–

(က) **အိမ်ခြံမြေ** ဆိုသည်မှာ လူနေထိုင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ရန် ဆောက် လုပ် ထားသည့် အိမ်၊ အိမ်ခန်း၊ တိုက်၊ တိုက်ခန်း၊ ကွန်ဒို၊ စက်ရုံ၊ သိုလှောင်ရုံ၊ ပြခန်း၊ ဟိုတယ်ခန်း၊ တည်းခိုခန်း၊ ဆိုင်ခန်း စသည့် အဆောက် အအုံများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့၏ဥပစာများ၊ အိမ်မြေ၊ ခြံမြေ၊ စက်မှု လုပ်ငန်းမြေ၊ စီးပွားရေးလုပ်ငန်းသုံးမြေ၊ ဥပဒေနှင့်အညီ လွှဲပြောင်း ရောင်းချ ခွင့်ရှိသော မြေ အမျိုးမျိုး ကို ဆိုသည်။

( ခ ) အိမ်ခြံမြေ**ဝန်ဆောင်မှု**လုပ်ငန်း ဆိုသည်မှာ အိမ်ခြံမြေတစ်ခုခုကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့် လွှဲ ပြောင်းခြင်း၊ ဘဏ်ချေးငွေရရှိရန်ဆောင်ရွက်ခြင်း၊ အတိုင်ပင်ခံခြင်း၊ တန်ဖိုး သတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှုရယူသူကိုယ်စား ကိုယ်စားလှယ်အဖြစ်ဆောင် ရွက်ခြင်း အစရှိသော လုပ်ငန်းစဉ် တစ်ရပ်ရပ်တွင် ဝန်ဆောင်ခရယူ၍ ပါဝင် ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဂ) **အသင်း** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနတွင် မှတ်ပုံတင်ထားပြီး ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ကြီးကြပ်ရေး အာဏာပိုင်အဖြစ်တာဝန်ပေးအပ်ထားသည့် မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှု အသင်းကို ဆိုသည်။

( ဃ )**ဝန်ဆောင်မှုပေးသူ** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ပေးသော ဤညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ထားသည့် ပုဂ္ဂိုလ် တစ်ဦးဦး၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(င) **ဝန်ဆောင်မှုရယူသူ**ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ဝန် ဆောင်မှု ပေးသူအား အဖိုးစားနားပေး၍ လုပ်ငန်းအပ်နှံသူကို ဆိုသည်။

(စ) **ဝန်ဆောင်ခ** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းအတွက် ဝန်ဆောင်မှု ပေးသူနှင့် ဝန်ဆောင်မှုရယူသူ နှစ်ဦးသဘောတူ ညှိနှိုင်းသတ်မှတ်ချက် အရ ဝန်ဆောင်မှုပေးသူက ရပိုင်ခွင့်ရှိသော အဖိုးအခကို ဆိုသည်။

( ဆ) **မှတ်ပုံတင်** ဆိုသည်မှာ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် အသင်းက စည်းမျဉ်းနှင့်အညီ ထုတ်ပေးသော ခွင့်ပြု လက်မှတ် ကိုဆိုသည်။

## အခန်း (၂)

## မှတ်ပုံတင် လျှောက်ထားခြင်းအတွက် သတ်မှတ်ချက်များ

၄။ (က) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူတိုင်းသည်အသင်းတွင်မှတ်ပုံတင်ရမည်၊

(ခ ) မှတ်ပုံတင်သူသည် အောက်ပါစာရွက်စာတမ်းအထောက်အထားများကို ပူးတွဲ တင်ပြရမည်-

(၁) နိုင်ငံသားစိစစ်ရေးကဒ်ပြားမိတ္တူ (အသက်(၁၈) နှစ်ပြည့်ပြီးသူ မြန်မာ နိုင်ငံသား ဖြစ်ရမည်)

(၂) အသင်းဝင်ကဒ်ပြားမိတ္တူ (နောက်ဆုံးအခြေအနေနှင့်ကိုက်ညီရမည်)၊

(၃) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီသည် နိုင်ငံခြား သားနှင့် ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့် ရရှိပြီး ဖြစ်ရ မည်၊

(၄) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူ/ဝန်ဆောင်မှု လုပ်ငန်း၏ အမည်၊ တည်နေရာ၊ လိပ်စာ၊

(၅) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်း တိုက် ဖျက်ရေး ဆိုင်ရာသင်တန်း သို့မဟုတ် ယင်းဘာသာရပ် ပါဝင်သော သင်တန်းဆင်း လက်မှတ်မိတ္တူ။

(ဂ) အသင်းသည် အပိုဒ်ခွဲ (ခ) ပါ အထောက်အထားများ ပြည့်စုံစွာ တင်ပြထားကြောင်းစစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းပြီး မှတ်ပုံတင်သက်သေခံလက်မှတ် ထုတ်ပေးရမည်။

## အခန်း (၃)

## ဝန်ဆောင်မှု ပေးသူများ လိုက်နာရမည့် တာဝန် နှင့် အခွင့်အရေးများ

၅။ ဝန်ဆောင်မှုပေးသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အိမ်ခြံမြေရောင်းဝယ်ငှားရမ်းမှုတွင် သဘောတူညီထားသော ဈေးနှုန်းထက် ပို၍ ရောင်းချငှားရမ်းခြင်း မပြုကြောင်း တာဝန်ခံရမည်။

(ခ) ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက် စာတမ်းများ မှန်ကန်မှုရှိ မရှိကို သက်ဆိုင်ရာဌာနများတွင် စုံစမ်း၍ အတည်ပြု ဖော်ထုတ်ရမည်။

(ဂ) ရောင်းချငှားရမ်းမည့် အိမ်ခြံမြေကို ဝယ်ယူငှားရမ်းမည့်သူအား လိုက်လံပြသ ပြီး အိမ်ပြမှတ်တမ်းထားရှိရမည်။

(ဃ) ရောင်းချဝယ်ယူငှားရမ်းမည့်သူအား ဝန်ဆောင်မှုရယူသူနှင့် ဆက်သွယ်ညှိနှိုင်း ပေးရမည်။

(င) ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အိမ်ခြံမြေ လွှဲပြောင်းမှုတရားဝင် ခိုင်မာစေရန် လိုအပ်သည့်ဝန်ဆောင်မှုလုပ်ငန်းများကိုပြီးစီးသည်အထိ ဆောင်ရွက်ပေးရမည်။

(စ) ဝန်ဆောင်မှုပေးသူက ဝန်ဆောင်မှုရယူသူအား အခွန်အခကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသိပေးရမည်။

(ဆ) ဝန်ဆောင်မှုရယူသူက မိမိ ငှားရမ်းရောင်းချလိုသော အိမ်ခြံမြေအား မမှန်မကန် ပြသငှားရမ်းရောင်းချခဲ့လျှင် ဝန်ဆောင်မှုပေးသူတွင် တာဝန် မရှိစေရ။ သို့ရာတွင် ဝန်ဆောင်မှုပေးသူက မမှန်မကန်ပူးပေါင်းဆောင်ရွက် ခဲ့လျှင် ၎င်းတွင်လည်း တာဝန်ရှိစေရမည်။

(ဇ) အသင်းက သတင်းအချက်အလက်များကို တောင်းခံလာပါက သတ်မှတ်ထားသည့် ပုံစံများဖြင့် အချိန်မီ တင်ပြရမည်။

(ဈ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို ရာဇဝတ်မှုဆိုင်ရာပြစ်မှုမှုခင်းများနှင့် ငွေကြေးခဝါချမှုအကြမ်းဖက်မှုကိုငွေကြေး

ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာမှုခင်းများ၌ လိုအပ်ပါက အထောက်အထားအဖြစ် အသုံးပြုနိုင်ရန်အတွက် ပြည့်စုံမှန်ကန်စွာသိမ်းဆည်း ထားပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနအပါအဝင် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက တောင်းခံပါက အလျင် အမြန်ပေးနိုင်ရေး စီစဉ်ထား ရှိရမည်။

၆။ ဝန်ဆောင်မှုပေးသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့် ရှိသည်။

(ခ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ မေးမြန်းစုံစမ်း နိုင်ခွင့် ရှိသည်။

(ဂ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့် ရှိသည်။

(ဃ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူ၏ သဘောတူ ညီချက်ဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့် သင်ပုန်းတစ်ခုခုတွင်ဖြစ်စေ၊ မီဒီယာတစ်ခုခုတွင် ဖြစ်စေ၊ ဝန်ဆောင်မှုရယူသူ ကိုယ်စား ကြေညာခွင့် ရှိသည်။

(င) အိမ်ခြံမြေကို ဥပဒေနှင့်အညီ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ဘဏ် တစ်ခုခုတွင် ချေးငွေရယူရန်အတွက် ဝန်ဆောင်မှုရယူသူက တာဝန် ပေးလွှဲအပ်ပါက ၎င်း၏ ကိုယ်စား ဆောင်ရွက်နိုင်ခွင့် ရှိသည်။

(စ) အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းအတွက် လုပ်ငန်းအပ်နှံခြင်း စာချုပ်တွင် သဘော တူညီ ထားသည့်အတိုင်း ဝန်ဆောင်ခ ရယူခွင့် ရှိသည်။

(ဆ) ဝန်ဆောင်မှုရယူသူက လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင်နှစ်ဦးနှစ်ဘက်သဘောတူညီချက်များကို ပျက်ကွက်လျှင်ဝန်ဆောင်မှုပေးသူသည် တရား မကြောင်းအရ ဖြစ်စေ ရာဇဝတ်ကြောင်းအရ ဖြစ်စေ တရားစွဲဆိုခွင့် ရှိသည်။

## အခန်း (၄)
## ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ လိုက်နာရမည့် ကိစ္စရပ်များ

၇။ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်ရရှိသူသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ အောက်ပါ ကိစ္စရပ်များ ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းသည် ကုမ္ပဏီဖြစ်ပါက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအား အကောင်အထည်ဖော်ရန်အတွက် ဌာနခွဲတစ်ခု ဖွဲ့စည်းထားရှိပြီး လုပ်ထုံးလုပ်နည်းများကို ချမှတ်ကာ အဆိုပါ လုပ်ထုံး လုပ်နည်းများအတိုင်း ဆောင်ရွက်ရန် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ (Compliance Officer) တစ်ဦးကို တာဝန်ပေးအပ် ရမည်။

(ခ) အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သတင်းပို့ရန် သတ်မှတ်ထားသည့် ပမာဏ သို့မဟုတ် ယင်းပမာဏထက်ကျော်လွန်သော လွှဲပြောင်းဆောင်ရွက်မှုများဖြစ်လျှင် သို့မဟုတ် ငွေကြေးသို့မဟုတ် ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟု သော်လည်းကောင်း၊ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့် ဆက်နွယ်ပတ်သက်သည်ဟု သော်လည်းကောင်း၊ ယင်းသို့ ဖြစ်စေရန် အားထုတ်သည်ဟု သော်လည်းကောင်း သံသယဖြစ်ဖွယ်ရာ အကြောင်းရှိလျှင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) သို့ ချက်ခြင်း သတင်းပို့ရမည်။

(ဂ) အိမ်ခြံမြေဝန်ဆောင်မှုပေးခဲ့သည့် မှတ်တမ်းများကို အနည်းဆုံးငါးနှစ် ထိန်းသိမ်း ထားရှိ ရမည်။

(ဃ) ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် လွှဲပြောင်းလက်ခံသူများ၏ အမည်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက် စာမျက်နှာ (https://www.mfiu.gov.mm/en)၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏

အင်တာနက်စာမျက်နှာ(https://www.un.org/ securitycouncil/ content/ un-sc-consolidated-list)တွင် အချိန်နှင့် တစ်ပြေးညီ တင်ပြထားသော အကြမ်းဖက် အဖွဲ့အစည်းနှင့် အကြမ်းဖက် သမားစာရင်း (United Nations Security Council Consolidated List)၊ လူအများအပြား သေကြေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးနှင့်ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၂၇၀ (၂၀၁၆) နှင့် ဆက်စပ် ဆုံးဖြတ်ချက်များ (UNSCR 2270 and successor resolutions)ပါအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များစာရင်း၊အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်သော အကြမ်းဖက်သမားနှင့် အကြမ်းဖက်အဖွဲ့ အစည်းစာရင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းအဖွဲ့နှင့် အသင်းမှ အခါအားလျော်စွာဖြန့်ဝေသော အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုနှင့် အမည်မည်းစာရင်းတို့ဖြင့် တိုက်ဆိုင် စစ်ဆေးရမည်။ အဆိုပါစာရင်းများတွင် ပါရှိသောအမည်များနှင့် သက်ဆိုင်သော ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း လုပ်ငန်းအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အသင်းတို့ထံသို့ ဆောလျင်စွာ သတင်းပို့ရမည်။

(c) ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)၏ အင်တာနက်စာမျက်နှာ ( http://www.fatf-gafi.org/publications/high-risk-and-other-monitored-jurisdictions/?hf= 10&b=0&s=desc(fatf_releasedate)တွင် ထုတ်ပြန်ထားသည့် တိုးမြှင့်အရေးယူဆောင်ရွက်ရမည့် နိုင်ငံနှင့် ဒေသများစာရင်းနှင့် မဟာဗျူဟာပိုင်းဆိုင်ရာချို့ယွင်းအားနည်းချက်ရှိသည့် နိုင်ငံနှင့် ဒေသများစာရင်းပါ နိုင်ငံနှင့် ဒေသများရှိ လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် စီးပွားရေး ဆက်ဆံ ဆောင်ရွက်မှုပြုလုပ်ပါက ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းအား တိုးမြှင့်ဆောင်ရွက်ခြင်း၊ အရေးယူ ဆောင်ရွက်မှုတိုးမြှင့်ခြင်းနှင့်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့သို့ သတင်းပို့ခြင်းတို့ ဆောင်ရွက်ရမည်။

## အခန်း (၅)

## ဝန်ဆောင်မှုရယူသူအား အကာအကွယ်ပေးခြင်း

၈။ ဝန်ဆောင်မှုရယူသူသည် အသင်းတွင်မှတ်ပုံတင်ထား သည့် ဝန်ဆောင်မှုပေးသူနှင့် အငြင်းပွားဖွယ်တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အသင်းမှ တာဝန်ယူ ဖြေရှင်းပေးရမည်။

## အခန်း (၆)

## ကြီးကြပ်စစ်ဆေးခြင်းနှင့် အရေးယူခြင်း

၉။ အသင်းသည် မှတ်ပုံတင်သက်သေခံ လက်မှတ် မရှိဘဲ အသက်မွေးဝမ်းကျောင်းအဖြစ် အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းမပြုနိုင်ရန်အတွက် သင့်လျော်သည့် အစီအမံများ ချမှတ်ထားရမည်။

၁၀။ အသင်းသည် ဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်ရရှိသူအား ကြီးကြပ် စစ်ဆေးခွင့်ရှိသည်။ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းမှတ်ပုံတင်ရရှိသူသည်အသင်းက အခါအားလျော်စွာ ထုတ်ပြန်သည့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်း၊ စည်းကမ်းချက်များ ကို လိုက်နာရမည်။

၁၁။ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်ရရှိသူက ဤ ညွှန်ကြားချက်ပါ အချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊ သံသယဖြစ်ဖွယ်ရှိသော ဆောင်ရွက်ချက်များ သို့မဟုတ် လွှဲပြောင်းခြင်းများကို သတင်းပို့ရန်ပျက်ကွက်ခြင်းများရှိပါက တည်ဆဲဥပဒေများ အရ အရေးယူခြင်းခံရမည်။

MRESA

ဥက္ကဋ္ဌ

(ခင်မောင်သန်း)

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း